# <u>ကချင် "ဖွံ့ဖြိုးတိုးတက်ရေး" မှ ကြုံတွေ့ရသော သင်ခန်းစာများ</u>

## နိဒါန်း

မြန်မာအစိုးရသည် လက်ရှိ တိုင်းရင်းသား က်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ရာ၌ ပထမအဆင့် အပစ်အခတ် ရပ်စဲရရန် ကမ်းလှမ်းခြင်း၊ ထို့နောက် ဖွံ့ဖြိုးတိုးတ က်ရေး လုပ်ဆောင်ခြင်းနှင့် နောက်ဆုံးတွင် အမျိုးသား နိုင်ငံရေး သဘောတူညီချက်များ ပြုလုပ်ရန် "ဖွံ့ဖြိုးတိုးတက်ရေး" အတွက်ဟူ၍ ကတိပေးခြင်းကို ၎င်း၏ အဓိကသော့ချက် အသုံးအနှုန်းအနေနှင့် အသုံးပြုလျက် ရှိသည်။ ယင်းဖြစ်စဉ်သည် ကချင်ပြည်နယ်၌ အလွန်ဆိုးရွားသော ပဋိပက္ခ အကျိုးဆ က်များ မဖြစ်ပေါ်မီ အချိန်ကတည်းက ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

ဒီအစီရင်ခံစာက ၇နှစ်အကြာ သုတေသနမှတ်တမ်းနှင့် ဖော်ထုတ်မှုကို အကျဉ်းချုပ်ဖော်ပြထားသည်။ ကချင် "ဖွံ့ဖြိုးတိုးတက်ရေး" မှကြုံတွေ့ရသော အဖြစ်အပျက်သင်ခန်း စာများကို အခြားသော တိုင်းရင်းသားအဖွဲ့များ ကြိုးပမ်းနေသော ငြိမ်းချမ်းရေးလမ်းစဉ် တွင်သတိပြုမိစေရန်နှင့် အထောက်အကူပြုရန် ဖော်ပြထားခြင်းဖြစ် သည်။ မြန်မာနိုင်ငံတွင် ပထမဦးစွာ နိုင်ငံရေးဖြေရှင်းမှု မလုပ်ပဲနဲ့တော့ ဘယ်လိုမှ တရားမျှတမှု နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှု ရှိလာနိုင်မှာ မဟုတ်ဘူး။

## <u>တရုတ် - မြန်မာ နယ်စပ်စီးပွားရေးဖွံ့ဖြိုးရေးစီမံကိန်း နောက်ခံသမိုင်းကြောင်း</u>



*ကေအိုင်အိုနှင့် မြန်မာအစိုးရ အပစ်ခတ်ရပ်ဆဲရေးမလုပ်မှီ နှင့် အပစ်ခတ်ရပ်ဆဲရေးနောက်ပိုင်း ဖားကန့်မြို့ပုံ။*

၁၉၈၀ နောက်ပိုင်းများတွင် တရုတ်နိုင်ငံအစိုးရ၏ စီးပွားရေးလုပ်ငန်းများရေရှည်တည်တံ့ရေးနှင့် သဘာဝသယံဇာတ ရင်းမြစ်ခွဲဝေသုံးစွဲရေး တို့ကြောင့် နိုင်ငံတကာ ဆက်ဆံရေးပေါ်လစီ (မူဝါဒ) များပြောင်းလဲလာသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနို င်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီနှင့် တရုတ်အစိုးရတို့မှ နယ်စပ်ဒေသကုန်သွယ်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးရေး မူဝါဒချမှတ်ရန် နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ကြတယ်။

၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (အငြိမ်းစား) နှင့် မြန်မာနိုင်ငံတွင် အာဏာရှိ စစ်ထောက်လှမ်းရေး ဒုဗိုလ်မှူး ခင်ညွန့် (အငြိမ်းစား) တို့သည် တရုတ်နိုင်ငံ မြို့တော်ဖြစ်သော ပီကင်မြို့သို့ရက်ပေါင်း (၁၂)ရက်ကြာ သွားရောက်၍ စစ်အင်အားတိုးချဲ့ရေးနှင့် ဖွံ့ဖြိုးရေးစီးမံကိန်းများကို တရုတ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၁၉၉၀ ခုနှစ်တွင် တရုတ်အစိုးရမှ နိုင်ငံတောငြိမ်ဝပ်ပိပြားရေးကောင်စီကို အတိုးမယူပဲ ဒေါ်လာ သန်းပေါင်း ၁.၂ သန်းမှ ၂.၄ သန်းထိချေးငှားလိုက်သည်။

၁၉၉၁ ခုနှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံမှ စစ်ရေးဘက်ဆိုင်ရာ ပညာရှင်များက မြန်မာနိုင်ငံသို့လာရောက်ခဲ့ ကြသည်။ ၁၉၉၁ - ၁၉၉၂ ခုနှစ်တွင် "တရုတ် - မြန်မာ ချစ်ကြည်ရေး" လုပ်ရန်အတွက် တရုတ်နိုင်ငံသံအမတ်များ ကချင်ပြည်နယ်သို့ ဝင်ရောက်လာခဲ့သည်။ နောက်ပိုင်းတွင် နယ်စပ်ဒေသကုန်သွယ်မှုဖွံ့ဖြိုးရေး စီမံကိန်းအောက်မှ လမ်း၊ တံတား၊ မီးရထားလမ်း ဆောက်လုပ်ရေးလုပ်ငန်းများကို တရုတ်များက စတင်လုပ်ဆောင်လာခဲ့ကြသည်။ တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ယူနန်ပြည်၏ စီးပွားရေးတိုးတက်လာစေရန် ကချင်ပြည်နယ်မှ သဘာဝသယံဇာတများကို အမြတ်ထုတ် တင်ပို့ခဲ့ကြသည်။

ဒီစီမံကိန်းကို လုံခြုံစိတ်ချစေရန်အတွက် ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ)နှင့် မြန်မာအစိုးရစစ်တပ်အကြား အပစ်အခတ်ရပ်ဆဲရေးပြုလုပ်ရန် မြန်မာအစိုးရအား တရုတ်အစိုးရမှ ဖိအားပေးလုပ်ဆောင်လာ ခဲ့ကြသည်။

<u>လက်နက်ကိုင်အုပ်စုများက အပစ်ခတ်ရပ်ဆဲရေးကို သဘောတူခြင်း</u>




*၈-၃-၂၀၁၂ ခုနှစ်တွင် ကေအိုင်အိုနှင့် မြန်မာအစိုးရ ငြိမ်းချမ်းရေးဆွေးနွေးနေသောပုံ၊*

နှစ် နိုင်ငံသဘောတူလက်မှတ်ရေးထိုးပြီးဖြစ်သော နယ်စပ်ဒေသကုန်သွယ်ရေးစီမံကိန်းအောက်တွင် ၁၉၈၉ ခုနှစ် မြန်မာကွန်မြူနစ်ပါတီတွင် အဖွဲ့ဝင်တခုဖြစ်သော ဦးဇခုန်တိန့်ယိန်းဦးဆောင်သော ကချင်ဒီမိုကရေစီသစ် တပ်မတော် (NDA(K)) က မြန်မာနိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ (SLORC) နှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပြီး ဖွံ့ဖြိုးရေးစီမံကိန်းများကို လုပ်ဆောင်ရန်လည်းသဘောတူလက်မှတ်ရေးထိုးခဲ့ သည်။

အဲသည်နောက်ပိုင်းတွင် ၁၉၉၄ ခုနှစ်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA) ၏ ဥက္ကဋ္ဌဖြစ်သော မရန်ဘရန်ဆိုင်း ဦးဆောင်လျှက် ကချင်လူထုတရပ်လုံးနှင့် ကချင်ပြည်အတွက် ရသင့်ရထိုက်သော အခွင့်အရေးများကို ရှေးရှုကာ နိုင်ငံရေးဆွေးနွေးမှုဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံတော်ငြိမ်ဝပ်ပိပြားရေကောင်စီ နှင့် အပစ်ခတ်ရပ်ဆဲရေး(ငြိမ်းချမ်းရေး) သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

လက်တွေ့မှာတော့ မျှော်လင့်ထာသည့်အတိုင်းမဖြစ်လာပဲ ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ကချင်ပြည်နယ်နှင့် ကချင်လူထုတရပ်လုံးက ဆိုးရွားမှုများသာ ခံစားခဲ့ရသည်။ မည်သူကမှ

ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိခဲ့ပါ။ ဒီပြဿတွေကို ကချင်ပြည်လူထုနှင့် မိမိနေရပ်(ကချင်ပြည်) ကသာ နှစ်ပေါင်းများစွာ ခံစားခဲ့ကြသည်။ ပြည်သူလူထုတရပ်က ဒုက္ခပေါင်းများစွာခံရနေသော်လည်း တဖက်တွင် မြန်မာစစ်တပ်အင်အားတိုးချဲ့မှုသာ တိုးမြင့်လာခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ကချင်ပြည်နယ်မှာ မြန်မာစစ်တပ်အင်အားက ၂၆ တပ်ရင်းသာရှိသော်လည်း ၂၀၀၆ ခုနှစ်တွင် မြန်မာစစ်တပ် တပ်ရင်း ၄၁ ခုထိ တိုးမြှင့်လာသည်။ တနေ့ထက်တနေ့ တပ်အင်းအားက ဆက်လက်ပြီးပိုပို တိုးမြှင့်လာကြောင်းတွေ့ရသည်။

မြန်မာနိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ အစိုးရမှ လက်ကိုင်အုပ်စုများအား “ စီးပွါးရေး ဖွံ့ဖြိုးမှု” ဆိုသည့် ခေါင်းစဉ်လှလှလေးဖြင့် လှည့်စား၍ မျှော်လင့်ချက်တွေပေးခဲ့သည်။ အပစ်ခတ်ရပ်ဆဲရေး သဘောတူလက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အသီးအသီးက မိမိတို့ပိုင်နယ်နမိတ်တလျှောက်တွင် စတင်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများစတင် လုပ်ဆောင်လာခဲ့ကြသည်။ ဒီဖွံ့ဖြိုးရေးစီမံကိန်းကြောင့် လုယက်မှုများ၊ တကိုယ်ကောင်းဆန်သည့် စီပွါးရေးများ၊ တဖွဲ့ဖွဲ့နှင့်တဖွဲ့ မတည့်ကြတော့ဘဲ အဖွဲ့ခွဲထွက်ရေးများ ဖြစ်လာတော့သည်။

ဒီဖြစ်စဉ်တွေအားလုံးက သေးနတ်သံမထွက်၊ ယမ်းငွေ့မထွက်၊ သွေးချောင်းမဆီးပဲ “အပေါ်ယံတွင် ဖွဲနုဖြူး၊ အောက်မှာက ရေးစီးဆိုတဲ့” တဖက်လှည့် နည်းစနစ်ဖြင့် ဗိုလ်ချုပ်ခင်ညွှန့် ဦးဆောင်၍ လက်နက်ကိုင်တော်လှန်ရေး ၁၇ ဖွဲ့နှင့် အောင်မြင်စွာ အပစ်ခတ်ရပ်ဆဲမှု လုပ်ဆောင်နိုင်ခဲ့သည်။ တဖက်တွင် အခွင့်အလမ်းဖွင့်ပေးသယောင်ယောင်ပြု ပြီး တဖက်တွင်လည်း တော်လှန်ရေးစိတ်ဓါတ် ကျဆင်းလာအောင်လုပ်ဆောင်သည့် လှည့်ကွက်ဖြစ်သည်။

## <u>“ဖွံ့ဖြိုးတိုးတက်မှု ဟူသည် ချေးငှားစရာကိစ္စ မဟုတ်”</u>

အပစ်ခတ်ရပ်ဆဲလိုက်သည်နှင့်တပြိုင်တည်း ကချင်ပြည်နယ်ရှိ ထူထပ်စွာပေါက်ရောက်နေသော သဘာဝကျွန်းသစ်များသည် အကြီးအစားသစ်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် တောင်ကတုံးများ အဖြစ်သို့စတင်ရောက်ရှိခဲ့သည်။ အဓိကမြစ်၊ ချောင်းများတလျှောက်တွင် တရားမဝင် ကျောက်စိမ်းတူးဖော်ခြင်း နှင့်ရွှေတူးဖော်ခြင်းလုပ်ငန်းများ မှိုလိုပေါက်လာခဲ့သည်။

ကချင်ပြည်နယ်သည် ၁၆၉၈၃ စတုရန်းကီလိုမီတာ ရှိသည့်အနက် ၁၈ရာခိုင်နှုန်းက ရွှေတူးဖော်ရေးလုပ်ကိုင်နေသည့် နေရာများဖြစ်နေသည်။

၁၉၉၄ ခုနှစ်အရှေ့ပိုင်း ကချင်ပြည်နယ် ဟူးကောင်းဒေသတွင် ရွှေမော်(၁၃) ခုသာရှိပြီး။ ယခုတွင်မူ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ရွှေမော် ၃၁ ခုအဖြစ်သို့ရောက်ရှိပြီး၊ ရေးအားသုံး(သို့) ဆီသုံး စက် ၁၀၀ကျော် နှင့် ကုန်းမြေတွင် ကျင်းတူး၍ တူးဖော်သော်(ကုန်းတွင်း) ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့် ဟူးကောင်းဒေသရှိ ပတ်ကျင်ပျက်စီးယိုးယွင်းနေပါပြီ။ စက်များအသုံးပြုခြင်းကြောင့် စွန့်ပစ်ပစ္စည်းများ၊ ရွှံ့စေးများနှင့် အန္တရာယ်ဖြစ်စေသော အဆိပ်သင့်မာကျူရီ(ပြဒါး)များကို စွန့်ပစ်ခဲ့ခြင်းစသည်တို့သည် သတ္တုတူးဖော်ရေးနှင့်အတူ လိုက်ပါလာသည်။




*၂၀၁၁ ခုနှစ်နောက်ပိုင်း ဧရာဝတီမြစ်ဆုံရှိ ကမ်းနံပါးတွင် ပြုလုပ်နေသော အကြီးစားရွှေတူးဖော်မှု။*

သစ်တောများ ပြုန်းတီးလာခြင်း၊ ရေးများအဆိပ်သင့်ခြင်း နှင့် ရေလမ်းကြောင်းများ လုံးဝပြောင်းသွားခြင်း များဖြစ်လာသည်။ အလွန်ပြန်းထန်သော တိုက်စားမှုများကြောင့် သေစေနိုင်လောက်သည့် ရေလွှမ်းမိုးများနှင့် မြေပြိုများဖြစ်ပေါ်လာစေခဲ့သည်။ အသုံးပြုပြီးဖြစ်သည့် စက်သုံးဆီ၊ မာကျူရီ (ပြဒါး) နှင့် ဆိုက်နိုဒ် များကို နေရာတကာ စွန့်ပစ်စုပထားခဲ့ခြင်းများသည် ယခုအခါ ဒေသခံလူထုများနှင့် တောရိုင်း တိရစ္ဆာန်များ၏ ကျန်းမာရေးကို ခြိမ်းခြောက်မှုများ ဖြစ်နေပါပြီ။



*တရုတ်ပြည်သို့ တင်ပို့နေသော သစ်ကားများ။ (အင်တာနက်မှရရှိသောပုံ)*

နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီအစိုးရ နှင့်ပူးပေါင်းလုပ်ဆောင်သည့် အကျိုးတူဖက်စပ် ကုမ္ပဏီကြီးများက မရေတွက်နိုင်လောက်အောင်ပင် ကျူးကျော် ဝင်ရောက်လာခဲ့သည်။ ကချင်ပြည်နယ်အတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လုပ်ကိုင်လာကြသည်။ ကချင်ပြည်နယ် တပြည်လုံး၊ မေခမြစ်၊ မေလိခမြစ်၊ ဧရာဝတီမြစ်ကြောတလျှောက်၊ ဥရုမြစ် ကျောက်စိမ်းတွင်းရှိရာ ဖားကန့် ဒေသ စသည့် ကချင်လက်နက်ကိုင် အဖွဲ့များ၏ နယ်နမိတ်အတွင်းသို့ တရုတ်စီးပွားရေးသမားများ ဝင်ရောက်လာခဲ့သည်။ တရုတ်အလုပ်သမားများက ဝင်ရောက်လာသည့်နေရာများတွင် လောင်းကစားရုံများ၊ လိင်ဖျော်ဖြေသည့်လုပ်ငန်းများ သည် ကေအိုင်အို နယ်နမိတ်ဖြစ်သော နယ်စပ်တလျှောက်တွင် ဖွင့်လှစ်ခဲ့သည်။ကချင်ပြည်နယ်မှ သဘာဝသယံဇာတများကို တရုတ်ပြည်သို့ သယ်ယူပို့ဆောင်ရေးတွင် လွယ်ရန်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တရုတ်နိုင်ငံမှ လမ်း၊ တံတား အင်ဂျင်နီယာများ ကိုယ်တိုင် လာရောက်၍ လမ်းဖောက်၊ တံတားဆောက် ခဲ့ကြသည်။

စစ်အစိုးရ၏ စစ်တပ်များကလည်း လာရောက် စခန်းချခြင်း၊ ၎င်းတို့၏ စစ်စခန်းချရာ မြေနေရာများ၊ အုပ်ချုပ်ရေးရုံး အသစ်များကို နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်း နှင့် အလုပ်သမားများအား မတရား

ခိုင်းစေခြင်း၊ အဓမ္မကျင့်ခြင်း အပါအဝင် ဒေသခံ ပြည်သူများကို ဆန့်ကျင်သည့် မတရားပြုကျင့်ခြင်းများကို ကျူးလွန်လျက် ရှိသည်။




*ယုဇနကုမ္ပဏီ၏ စိုက်ပျိုးရေးစီမံကိန်းကြောင့် ကွင်းပြင်ကြီးအဖြစ်သို့ ပြောင်းလဲနေပြီး ကမ္ဘာ့ကျားထိန်းရေးစခန်းဟူသည့် ဆိုင်းဘုတ်သာကျန်ရှိနေပြီ။*

စစ်အစိုးရ၏ ကျောထောက်နောက်ခံဖြစ်သော ယုဇနကုမ္ပဏီ (ဦးဌေးမြင့်ပိုင်)က ဟူးကောင်းဒေသတွင် ဓါတုပစ္စည်းများစွာအသုံးမည့် အကြီးစားစိုက်ပျိုးရေးစီမံကိန်းအတွက် မြေဧကပေါင်း ၂၀၀၀၀၀ သိန်းကျော်ကိုလည်း အတင်းအဓမ္မသိမ်းယူခဲ့သည်။ မြန်မာအစိုးရ၊ ကေအိုင်အို၊ကေအိုင်အေ နှင့် တရုတ်အစိုးရတို့၏ အထက်ပါစီမံကိန်းကြောင့် ငှက်ပျော်ခြံ ၂၀၀၀၀၀ ဧကအတွက် မြန်မာ - တရုတ်နယ်စပ်အနီးရှိ ဒေသခံပြည်သူများက မြေယာများဆုံးရှုံးခဲ့ကြသည်။ ဒီစိုက်ပျိုးရေးလုပ်ငန်း များတွင် အသုံးပြုသော ဓါတုပစ္စည်းများက လူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သလို ရေထုလည်းညစ်ညမ်းစေပါသည်။




*မြစ်ဆုံရေကာတာ ဆောက်လုပ်ရေးဖိုမှ တရုတ်အလုပ်သမားရုံ။*

မြန်မာနိုင်ငံ၏ အဓိကအခရာ ကျသော ဧရာဝတီမြစ်ဖြစ်ပေါ်လာရာ အင်မိုင်းခနှင့် မလိခ မြစ်ဆုံနှင့် မြစ်လက်တက်များပေါ်တွင် တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI)တို့က ရေကာတာ(ဆည်) ၇ခုတည်ဆောက်နေကြသည်။ ဧရာဝတီ မြစ်ဆုံဆည်တခု၏ အရွယ်အစားသည် စင်ကာပူနိုင်လောက်ရှိပြီး ဓါတ် ၆၀၀၀ မီဂါဝပ် ထုတ်လုပ်မည်ဖြစ်သည်။ ရွာပေါင်း ၄၇ ရွာနှင့် လူပေါင်း ၂၀၀၀၀ က အတင်းအဓမ္မပြောင်းရွှေ့စေခိုင်းခံရသည်။ ဒီမြစ်ဆုံရေကာတာ စီမံကိန်းကြီးကို ရပ်ဆိုင်းလိုက်ကြောင်း ကြေငြာ ခဲ့သောလည်း မြစ်ဆုံတွင်တရုတ်အလုပ်သမားများ ကျန်ရှိနေသည်။ ဧရာဝတီမြစ်၏ မြစ်လက်တက်ပေါ်ရှိ အခြားသောရေအားလျှပ်စစ်စီမံကိန်းများကို ဆက်လျှက်လုပ်ဆောင်နေပြီး အတင်းအဓမ္မပြောင်းရွှေ့ခံရသော ရွာသားများက မိမိတို့နေရပ်အိုးအိမ်းသို့ ပြန်ခွင့်မရသေးပါ။

ထိုကဲ့သို့ သဘာဝ သယံဇာတများအပေါ် စည်းမဲ့ကမ်းမဲ့ အမြတ်ထုတ်မှုတို့မှ ပြင်းထန်ဆိုးရွားသော လူမှုရေး ပြဿနာများ ဖြစ်ပေါ်လာစေသည်။ မြေယာများအား နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းနှင့် အဓမ္မရွှေ့ပြောင်းခိုင်းခြင်းတို့ကြောင့် ပြည်သူများ အိုးမဲ့အိမ်မဲ့ ဖြစ်ခြင်းနှင့် ဝင်ငွေ မရှိတော့ခြင်း (သို့မဟုတ်) ဘဝ၏ အဓိပ္ပာယ် မရှိတော့ခြင်းတို့ ဖြစ်ပေါ်စေပြီး ၎င်းတို့အား ညစ်ညမ်းပြီး ကျန်းမာရေးနှင့်

မညီညွတ်သော သတ္တုတွင်းများ၊ အိမ်နီးခြင်းနိုင်ငံများသို့ ရွှေ့ပြောင်းရန် ဖိအားပေးခြင်းတို့ ဖြစ်ပေါ်လာသည်။ ယင်းကဲ့သို့ ရွှေ့ပြောင်းရခြင်းများ အကြား၌ ဖြစ်ပေါ်လာရသည်မှာ မိန်းကလေးငယ်များအား တရုတ်နိုင်ငံသို့ လူကုန်ကူး ခံရခြင်း နှင့် သတို့သမီးအဖြစ် သို့မဟုတ် လိင်ဖျော်ဖြေရေးရုံများသို့ အရောင်းစားခံရခြင်းများပင် ဖြစ်သည်။

မူးယစ်ဆေး စွဲခြင်းသည် ယခုအခါ သတ္တုတွင်းများနှင့် မြို့ မူးယစ်ဆေး စွဲခြင်းသည် ယခုအခါ သတ္တုတွင်းများနှင့် မြို့ကြီးပြကြီးများတွင် အထူးရေပန်းစားလျက် ရှိသည်။ ၂ မစ်ကြီးနားရှိ စီတာပူ၊ တပ်ကုန်းနှင့် ဒူကထောင်း ကဲ့သို့သော မျိုးနွယ်စုများရှိ မိသားစုတိုင်းလိုလိုသည် ဘိန်းစွဲခြင်းကို တွေ့ကြုံ ခံစား နေကြရသည်။ ဟူးကောင်းကျေးရွာရှိ သတ္တုတွင်းလုပ်ကိုင်သည့် မြို့နယ်တစ်ခုတွင်မူ ခန့်မှန်းခြေအားဖြင့် သတ္တုလုပ်သား ၈၀% မှာ ဘိန်းမဲ စွဲနေကြသည်။ မူးယစ်ဆေး စွဲခြင်းနှင့်အတူ ရာဇဝတ်မှုနှင့် လောင်းကစားခြင်း သည်လည်း တိုးပွားလျက် ရှိသည်။
မူးယစ်ဆေးစွဲခြင်းနှင့် လိင်ဖျော်ဖြေရေး ရုံများ တိုးပွားလာခြင်းသည် အိတ်ချ်အိုင်ဗွီ နှင့်အေအိုင်ဒီအက်စ် (HIV/AIDS) ရောဂါကို ပိုမို ဖြစ်ပွားစေသည်။



*ဖားကန့်မြို့မှ ဆေးသမားများပုံ။*

ထို့ကြောင့် မိသားစုအတွင်းစိ တ်ဝမ်းကွဲခြင်းများဖြစ်ပေါ်လာသည်။ ဘာကြောင့်လဲဆိုတော့ သတ္တုတွင်းများတွင် သားမယားများနှင့် အချိန်ကြာမြင့်စွာ တကွဲတပြားဆီ နေ ရခြင်းများကြောင့်နှင့် အဲဒီနယ်တဝိုက်တွင် လိင်ဖျော်ဖြေရေးလုပ်ငန်များ များပြာလားခြင်းကြောင့်ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဟူးကောင်းဒေသ ရှိန်ဗွေယန်ရွှေမော်တွင်မူ များစွာသော ကချင်အမျိုးသမီးငယ်များသည် ရွှေမော်တွင် ထမင်းချက်လုပ်ငန်းရမည်ဟု ပြော၍ မော်သို့ရောက်သောအခါတွင်မူ လိင်လုပ်ငန်းများသို့

အတင်းအဓမ္မလုပ်ကိုင်စေသည်။ ၎င်းလုပ်ငန်းများတွင် သက်ဆိုင်ရာမြန်မာအစိုးရ ရဲတပ်ဖွဲ့ ဝင်များက အခွန်များကောက်ခံ ကြကြောင်းလည်း သိရသည်။ ကချင်ပြည်အတွင်းရှိ ရွှေမော်များ၊ ကျောက်စိမ်းတွင်း(မော်)များ နှင့် ကချင်ပြည်၏မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့တွင်လည်း အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ကြကြောင်းတွေ့ရသည်။



*ဖားကန့်မြို့ရှိ နိုက်ကလ(ပ်)တခုမြင်ကွင်းပုံ။*

မူးယစ်ဆေးစွဲခြင်းနှင့် လိင်ဖျော်ဖြေရေး ရုံများ တိုးပွားလာခြင်းသည် အိတ်ချ်အိုင်ဗွီ နှင့်အေအိုင်ဒီအက်စ် (HIV/AIDS) ရောဂါကို ပိုမို ဖြစ်ပွားစေသည်။ ၁၉၉၀နောက်ပိုင်းမှာ မြန်မာနိုင်ငံတွင် HIV & AIDS ကူးစက်ပြန့်ပွားမှု၊ ဖြစ်ပွားမှုအများဆုံးသည်လည်း ကချင်ပြည်နယ်တွင် ဖြစ်သည်။
၂၀၀၉ ခုနှစ်တွင် အကြောအတွင်းသို့မူးယစ်ဆေးဝါးထိုးသွင်းသူများ သွေးစစ်ကြည့်သောအခါ ၅၄%တွင် HIV အပေါင်းလက္ခဏာရှိကြောင်းသိရသည်။

အပစ်အခတ်ရပ်ဆဲကာလအတွင်းတွင် လက်နက်ကိုင်တော်လှန်ရေးအုပ်စုများကလည်း မြန်မာအစိုးရနှင့်အတူ ဆွေးနွေးကာ မိမိတို့အုပ်ချုပ်သည့် နီးစပ်ရာ ကျေးရွာ၊ မြို့ငယ်များသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ကြသည်။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ လုပ်ဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ကျောင်းများ၊ ဆေးပေးခန်းများ ဆောက်လုပ်ရေးနှင့် လမ်းဖောက်၊ တံတားဆောက်၊ ဓါတ်အားပေးရေအားလျှပ်စစ်ဆောက်လုပ်ခြင်းများ ဖြစ်သည်။ နောက်ဆုံးတော့ မိမိတို့ မျှော်လင့်ထား ဖွံ့ဖြိုးရေးလုပ်ငန်များဖြစ်မလာပါ။

## ၁၇နှစ်တာအပစ်ခတ်ရပ်ဆဲကာလအတွင်းပြုလုပ်သောဖွံ့ဖြိုးရေးစီမံကိန်းများမှအကျိုးရလာဒ်ခံစားသူများ

အဲဒီအချိန်အတော်အတွင်းမှာ ကချင်လူထုများက စီးပွားရေးဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ဖြစ်ပေါ်လာသောဘေးထွက် ဆိုးကျိုးမှန်သမျှကို အလုံးအလဲ ခံစားရသည်။ ကချင်ပြည်နယ်ရှိ ဧရာဝတီမြစ်ပေါ်မှ ရရှိမည့် လျှပ်စစ်ဓါတ်အား ၉၀%ကို တရုတ်ပြည် ယူဆောင်သွားမည်ဖြစ်သည်။ ကချင်ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတဖြစ်သော ရွှေကျောက်စိမ်း၊ ကျွန်းအစရှိသော ကုန်ကြမ်းများကို တရုတ်နိုင်ငံက နယ်စပ်တလျှောက်မှ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူပြီး၊ ကုန်းချောအဖြစ်သို့ ထုပ်လုပ်ကြသည်။ တရုတ်တို့က ထုတ်လုပ်ရရှိလာသောကုန်ချောထည်များကိုမူ ဈေးနှုန်းကြီးစွာဖြင့် နိုင်ငံတကာသို့ ထပ်မံရောင်းချကြသည်။ ၁၉၉၁ - ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ရွှေတန်ချိန်ပေါင်း (၀.၅) ကို နိုင်ငံခြားသို့ နှစ်စဉ်တင်ပို့ရောင်းချခဲ့သည်။ တရုတ်စီးပွားရေးသမားများက အမြတ်ကြီးစားရန်အတွက် ကျွန်တော်တို့ကချင်ပြည်မှထွက်ရှိသော မြေဆီလွှာများနှင့် ရှားပါးသော တွင်းထွက်ပစ္စည်းများ၊ ကျောက်မျက်ရတနာများကို သိုလှောင်ထားရန် စစ်တပ်အစောင့်များပါသော ကုန်တင်းကာယဉ်တန်းများဖြင့် တရုတ်ပြည်သို့ ပို့ဆောင်ခဲ့သည်။

ကျွန်ုပ်တို့ မျိုးနွယ်စုများသည်  ဖွံ့ဖြိုးတိုးတက်မှု ဟူသည့် ဆိုးကျိုး အကျိုးဆက်များကို ခံစားနေရချိန်တွင် မြန်မာနိုင်ငံ၏ သမ္မတ        သစ် ဦးသိန်းစိန် ကျွန်ုပ်တို့ မျိုးနွယ်စုများသည် ဖွံ့ဖြိုးတိုးတက်မှု ဟူသည့် ဆိုးကျိုး အကျိုးဆက်များကို ခံစားနေရချိန်တွင် မြန်မာနိုင်ငံ၏ သမ္မတသစ် ဦးသိန်းစိန် အစိုးရအဖွဲ့သည် သတ္တုတွင်းများ လည်ပတ်မှုအတွက် အခွန်ငွေများ ကောက်ခံပြီး ပြည်တွင်းနှင့် နေပြည်တော်ရှိ အစိုးရ အာဏာပိုင်များသည်လည်း တွင်းထွက်များနှင့် သစ်ထုတ်လုပ်မှု စီးပွားရေး လုပ်ငန်းများဖြင့် ငွေကျပ် သိန်းပေါင်းများစွာ ရရှိနေပြီ ဖြစ်သည်။ ဒေသခံ ပြည်သူလူထု၏ အခြေအနေတို့ ဆိုးရွားသထက် ဆိုးရွား လာနေချိန်တွင် လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရာရှိများနှင့် ပုဂ္ဂလိက ကုမ္ပဏီများသည်လည်း သဘာဝ အရင်းအမြစ်များအပေါ် ခေါင်းပုံဖြတ်ခြင်းဖြင့် ရရှိသော အမြတ်ငွေများနှင့် ကြီးပွား ချမ်းသာနေကြသည်။

## “ဖွံ့ဖြိုးတိုးတက်မှု ဟူသည် ဈေးဗွားစရာကိစ္စ မဟုတ်”

နိုင်ငံပိုင်အဖြစ် သိမ်းယူထားသော မြေယာများကို မူရင်း ပိုင်ရှင်များထံသို့ ပြန်လည် ပေးအပ်ရန် နှင့် အဖျက်သဘော လုပ်ဆောင်နေသည့် စီမံကိန်းများကို ရပ်တန့်ရန်အတွက် များ စွာသော ဆန္ဒဖော်ထုတ်သည့် လက်မှတ်ရေးထိုး စာများနှင့် မေတ္တာရပ်ခံသော စာများကို အဆင့်ဆင့်သော အစိုးရဌာနများသို့ ပေးပို့ခဲ့ပြီး ဖြစ်သည်။ တရား ဝင်သော အရေးကိစ္စများမှာမူ တရားမျှတစွာ စီရင်ဆုံးဖြတ်ရန်အတွက် နေပြည်တော် ဗဟို တရားရုံးသို့ တင်သွင်းပြီး ဖြစ်သည်။ သို့ရာတွင် ဗိုလ်ချုပ် သန်းရွှေနှင့် ဦးသိန်းစိန် အစိုးရလက်ထက်၌ ဖြစ်ပေါ်သော ပြဿနာများကိုမူ ပြန်လည် သုံးသပ် ဆုံးဖြတ်ခြင်းများ လုံးဝ ပြုလုပ်ခြင်း မရှိချေ။ ဤသို့အားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပိုမို အရှိန်အဟုန် အားကောင်းလာရခြင်း ဖြစ်သည်။

## ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အို၊ ကေအိုင်အေ) က အမျိုးသား ညီလာခံ(NC)သို့ တက်ရောက်ခြင်း



*ကချင်ခေါင်းဆောင်များအား အမျိုးသားညီလာခံတွင် တွေ့ရစဉ်။(ပုံကို အင်တာနက်မှရှိ)*

၂၀၀၆ ခုနှစ်တွင် ကေအိုင်အို ဒုတိယ ဥက္ကဌ အဒါက်တာဦးတူးဂျာ ဦးစီး၍ အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် ကချင်လူထုတရပ်လုံးအတွက် ရသင့်ရထိုက်သော

အခွင့်အရေးများရရှိရန်အတွက် အချက် ၁၉ ချက်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီသို့ပေး အပ်တောင်းဆိုခဲ့သည်။ အထက်ပါ ၁၉ ချက်ကို အစိုးရမှ ဆွေးနွေးတင်ပြမှုမရှိပဲ၊ မှတ်တမ်းအဖြစ် သိမ်းထားမည်ဖြစ်ကြောင်းသာ ပြောကြားခဲ့သည်။ ကေအိုင်အိုမှ စိတ်ဘောသဘောထားကြီးစွာဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အတည်ပြုထောက်ခံခဲ့သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေရှင်းနိုင်းရေးအတွက် မျှော်လင့်လျှက် အတည်ပြုထောက်ခံခဲ့ခြင်းဖြစ်သည်။

ဒေါက်ဦးတူးဂျာဦးဆောင်သော ကချင်ပြည်နယ်တိုးတက်ရေးပါတီ(KSPP) ကို ဖွင့်လစ်လျှက် ၂၀၁၀ ရွေးကောင်ပွဲတွင် ဝင်ရောက်ယှဉ် ပြိုင်ရန်ပြင်ဆင်ခဲ့သည်။ သို့သော်လည်း မြန်မာစစ်တပ်အစိုးရမှ (နအဖ)မှ ကချင်ပြည်နယ်တိုးတက်ရေးပါတီ (KSPP)ကို တရာဝင်ပါတီဖြစ်ရန် မှတ်ပုံတင်ခွင့်မပေးသည့်အပြင် ကေအိုင်အို၊ ကေအိုင်အေကိုလည်း နယ်ခြားစောင့်တပ်အသွင်ပြောင်ရန် အတင်းအဓမ္မ လက်ခံခိုင်းသည်။

ထိုကြောင့် ကေအိုင်အိုနှင့် မြန်မာစစ်အစိုးရ(နအဖ)အကြား ပိုမိုတင်းမာမှုများ ဖြစ်လာခဲ့သည်။ ကချင်ပြည်ရှိ ကချင်လူထုများ၏ အခွင့်အရေးများ၊ ဘာသာရေး အခွင့်အရေး၊ ယဉ်ကျေးမှု အခွင့်အရေး နှင့် စာပေ အခွင့်အရေး များကို မပေးပဲ ပိတ်ပင်တားမြစ်မှုများမှာ နှစ်အတော်ပင်ကြာခဲ့ပါပြီ။ ကေအိုင်အိုနှင့် မြန်မာစစ်တပ်အစိုးရ (နအဖ) တို့၏ ၁၇နှစ်တာအပစ်အခတ်ရပ်ဆဲရေး အချိန်ကာလ အတွင်း စီးပွါးရေးဖွံ့ဖြိုးရေစီမံကိန်းကြောင့် သဘာဝသယံဇာတ ကုန်ဆုံးလာမှု၊ သဘာဝပျက်ဆီးဆုံးရှုံးမှု နှင့် လူ့အခွင့်ရေးချိုးဖောက်မှုများသာ ဖြစ်လာခဲ့သည်။ ပြည်သူလူထုနှင့် ကေအိုင်စစ်သားများအား မတရားဖမ်းဆီး နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအတင်းအဓမ္မစော်ကားခြင်းများ သာများလာခဲ့သည်။

## ကေအိုင်အိုနှင့် မြန်မာစစ်တပ်အစိုးရတို့စတင်ပစ်ခတ်မှုဖြစ်ပေါ်လာရသည့်အကြောင်းအရင်း

အထက်ဖော်ပြခဲ့သော အခွင့်ရေးချိုးဖောက်မှုများ၊ ညင်းပန်းနှပ်စက်မှုများစွာကို ခံရလာသော ကချင်ပြည်သူတရပ်လုံးက ကေအိုင်အိုအပေါ် စတင် အပြစ်တင်ငြီးညူမှုများ ပြုလာခဲ့သည်။ ပြည်သူလူထုမှ ရင်ဆိုင်နေရသော ပြဿနာများဖြေရှင်းပေးရန်အတွက် ကေအိုင်အိုနှင့် မြန်မာအစိုးရထံသို့ အကြိမ်ကြိမ်စာရေးသား ပေးပို့ခဲ့သည်။




*၂၀၁၁ခုနှစ် ဇွန်လတွင် ကေအိုင်အိုနှင့် မြန်မာစစ်တပ်တို့ စတင်စစ်ပွဲဖြစ်ပွားခဲ့သည့် တရုတ်ဒါပိန်ရေအားလျှပ်စစ်အနီး။*

၁၇ နှစ်တာ အပစ်ခတ်ရပ်ဆဲသည့် အချိန်ကာလအတွင်း ကေအိုင်မှ မြန်မာအစိုးရနှင့် ဆွေးနွေးညှိနိုင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများစွာကိုလည်း လုပ်ဆောင်ခဲ့သည်။ ကေအိုင်အိုနှင့် ကချင်ပြည်သူလူထုတရပ်က မြန်မာအစိုးရ ဦးဆောင်သောဖွံ့ဖြိုးလုပ်ငန်းအတွေ့အကြုံများကို ရခဲ့ပြီးဖြစ်သည်။ ဒါပေမယ်လည်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးစီမံကိန်း၊ တရားမျှတမှုတို့နှင့် စစ်မှန်သော ငြိမ်းချမ်းရေး တို့ကို မတည်ဆောက်နိုင်ခဲ့ပါ။ ဒါကြောင့် ကေအိုင်အို အရာရှိများက တကိုယ်ကောင်းဆန်တဲ့ ချမ်းသာမှုမျိုးနှင့် ဖွံ့ဖြိုးရေးကို ထားခဲ့ပြီး၊ တဖန် လက်နက်ကိုင်တော်လှန်ရန်ဆုံးဖြတ်ရသည့် အကြောင်းအရင်းမှာ ကိုယ့်လူမျိုး၊ ကိုယ့်ပြည်နယ်လွတ်မြောက်ရေးအတွက်နှင့် နိုင်ငံရေးပြဿနာကိုဖြေရှင်းနိုင် ရန်အတွက် ဖြစ်သည်။ ထို့ကြောင့် ၁၇နှစ်တာ အပစ်ခတ်ရပ်ဆဲ၍ ဖွံ့ဖြိုးရေးစီမံကိန်းမှာ ပျက်ဆီသွားပြီးဖြစ်ကြောင်းတွေ့ရသည်။

## နိဂုံး

နယ်စပ်ဒေသ စီးပွားရေးဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ဖြစ်ပေါ်လာသောဘေးထွက် ဆိုးကျိုးမှန်သမျှကို အလုံးအလဲ ခံစားရသူများမှာ ကချင်တိုင်းရင်သားများသာဖြစ်သည်။ သဘာဝရင်းမြစ်များမည်မျှပင် ထုတ်ယူတူးဖော်နေသော်လည်း ဒေသခံပြည်သူများမှာတိုးတက်ဖွံ့ဖြိုးလာသည်ဟု မရှိပဲ နဂိုဖွံ့ဖြိုးရေးစီမံကိန်း မရှိခင်ကထက်ပင် ပိုမိုဆင်းရဲမွဲတေမှုကို ရင်ဆိုင်လာခဲ့ကြသည်။ ကချင်ပြည်နယ်ရှိ

သဘာဝသယံဇာတရင်းမြစ်များမှာ တနေ့ထက်တနေ့ ကုန်လာပြီဖြစ်သည်။ အဖိုးတန်သဘာဝသယံဇာတများ သည် ကချင်လူထုများအတွက် ဘုရားပေးသည့် ဆုကောင်းကြီးများဖြစ်သောလည်း ယခုအခါတွင် ထိုကောင်းကြီးများက ကျိန်စာသင့်သကဲ့သို့ ဖြစ်နေပြီ။

ကချင်ပြည်ရှိလူထုများက အစိုးရ၏ ငြိမ်းချမ်းရေးနှင့် ဖွံဖြိုးရေးလမ်းစဉ်၏ နောက်ဆက်တွဲများအားလုံးအတွေ့အကြုံရှိပြီးဖြစ်သည်။ နိုင်ငံရေးဖြေရှင်းမှုမရှိဘဲ အပစ်ခတ် ရပ်ဆဲလိုက်မည်ဆိုလျှင် ကချင်ပြည်နယ်ရှိ မြစ်ဆုံရေးအားလျှပ်စစ်စီမံကိန်းနှင့် ယုဇနကုမ္ပဏီ၏ အကြီးစားစိုက်ပျိုးရေးစီမံကိန်းများကဲ့သို့ အကြီးစားစီမံကိန်းများနှင့်သာ ပြင်းပြင်းထန်ထန် တိုက်ပွဲနွဲရမည့် အခြေအနေသို့ ရောက်ရှိလာမည်။ နောက်ဆုံးတွင် စစ်တိုက်ပွဲ အဖြစ်သို့ ဦးတည်းလာမည်။ ကချင်ပြည်နယ်တွင် ကြုံတွေ့ရသော အတွေ့အကြုံမှာ ရှင်းလင်းလှသည်။ ဦးစွာ နိုင်ငံရေး အမြင်အရ မဆိုထား နှင့်၊ ကျွန်ုပ်တို့ နိုင်ငံအတွက် တရားမျှတမှုနှင့် လူမှုအကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေး၌ ပင်လျှင် မျှတမှု မရှိနိုင်ပါ။ ျ မန်မာနိုင်ငံတိုင်းရင်းသားဒေသများတွင် နိုင်ငံရေးကို နိုင်ငံရေးအရဖြေရှင်းနိုင်ခြင်းမရှိပဲ လက်နက်နှင့် ခြိမ်းခြောက်ဖိနှိပ်ခြင်း၊ စည်းစနစ်မကျ‌ေ သာ သယံဇာတပစ္စည်းထုတ်ယူ သုံးစွဲနေခြင်းလည်း အဓိကပြသနာ အကြောင်းရင်းကို ဖြစ်ပေါ်စေသည်။

စာဂျီ (ကချင်လူမှု ဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ (KDNG))
ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဂုနစ်တာအတွင်လေ့လာစောင့်ကြည့်သူ